ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

အမိန့်ကြေညာစာအမှတ်(၂/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၅ ရက်)

# ပညာရေးဝန်ထမ်းများအားလုံးသို့ အသိပေးညွှန်ကြားခြင်း

၁။ အကြမ်းဖက်စစ်အုပ်စုအားပေး ညွှန်ကြားချက်များဖြင့် ဖေဖော်ဝါရီလမှစတင် ဖွင့်လှစ်သော ပညာရေးနှင့် သက်ဆိုင်သောသင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ၊ မဟာဘွဲ့သင်တန်းများ၊ ဆရာ၊ ဆရာမများစွမ်းရည်မြှင့်သင်တန်းများသည် အရည်အချင်းမရှိသော စစ်ကျွန်ပညာရေးကို အားပေးသည့် သင်တန်းများဖြစ်ပြီး ပြည်သူ့အစိုးရမှ အသိအမှတ်ပြုသင်တန်းများ မဟုတ်ပါ၍ တက်ရောက်ခြင်းမပြုရန် ညွှန်ကြားပါသည်။

၂။ အကြမ်းဖက်စစ်အုပ်စုမှ ပညာရေးဝန်ထမ်းများအား ရာထူးအတိုး၊အပြောင်း ညွှန်ကြားချက်များဖြင့် စည်းရုံးပြီး ရာထူးတိုးပြောင်းကြမည့် ပညာရေးဝန်ထမ်းများကိုလည်း ပြည်သူ့အစိုးရမှ အသိအမှတ်ပြုမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

၃။ ပြည်သူ့အစိုးရ၏ ဖက်ဒရယ်ပညာရေးစနစ် စတင်အကောင်ဖော်ဆောင်တော့မည်ဖြစ်ရာ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ပညာရေးကဏ္ဍအသီးသီးတွင် မိမိတို့၏ ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများ မကြာမီ ထွက်ပေါ်လာတော့မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျရာကဏ္ဍများမှပါဝင်ဆောင်ရွက်ရန်အတွက် တာဝန်အသီးသီးကို ပေးအပ်သွားမည်ဖြစ်ပါသည်။

(ပုံ)ဒေါက်တာဇော်ဝေစိုး

ခေတ္တပြည်ထောင်စုဝန်ကြီး

ပညာရေးဝန်ကြီးဌာန